ယဉ်မျိုးစာပေ

# ၁၀ဂဝစ်ဒေသသို့

ရဲဘော်ဖိုးသံချောင်း

# ဝသန်အတွေး မိုးအငေး

ဒီလို မိုးတစွေစွေ

လေတဖြူးဖြူး

ဝသန်ဦးကာလမှာ

ငွေစင်ငွေမှုန်တွေကိုငေး

အတွေးကို ချွန်းဖွင့်

ဘဝအပြင်ကို ရွက်လွှင့်ကြတာဟာ

ဗမာပြည်သားတွေအဖို့

ဓမ္မတာလိုကိစ္စပါ။

အညာမိုးမို့

မစို့မပို့ မခို့တရို့

တို့ကနန်းဆိတ်ကနန်း

ပက်ဖျန်းလို့ ရွာနေတုန်းမှာ

တံခါးသံတိုင်တွေကိုကိုင်

ငေးငေးငိုင်ငိုင်နဲ့

ထောင်ရဲ့အပြင်ကို မှန်းဆ

လွမ်းလျှခဲ့သလို

မိုးနဲ့အပြိုင် လေနဲ့ဆိုင်လျက်

ကျောက်ဆောင်ကို ထုထောင်း

ရန်တခြောင်းခြောင်းနဲ့

လှိုင်းခေါင်းဖြူများကို

ရန်သူလိုသဘောထားပြီး

နာကြည်းခဲ့တာဟာလည်း

ဒီလို မိုးတဖွဲဖွဲထဲမှာပါပဲ။

အထက်မှာ မိုး

အောက်မှာ ရွံ့

တလွန့်လွန့်ကျွတ်

တဝီဝီဖြုတ်နဲ့

ကတုတ်ကျင်းထဲမှာ

မိုးကာစကို ခြုံ

ထမင်းကြမ်းကို ငုံရင်း

တစ်ဖက်မှာ ကင်းစောင့်

တစ်ဖက်မှာ

'တော်လှန်ရေးအောင်ပြီးတဲ့နောက်မှာ . . .

ဆိုတဲ့အတွေးမျိုးကို

သေနတ်ပွတ်ရင်း တွေးရတဲ့အရသာ

ဘာနဲ့မှ နှိုင်းစာလို့ မရပါဘူး။

ဒီလိုနဲ့

မုတ်သုံကလည်း ဒီမုတ်သုံ

မိုးကလည်း ဒီမိုး

ကာလသာခြား

ဒေသပြားသွားတဲ့

ဒီနေ့အခါ

တစ်ပြည်တစ်ရွာမှာ

တဖွဲဖွဲမိုးကိုကြည့်

တွေးမိသဟာဖြင့်

. . . . . . . . . . .

ဒီဇာတိမြေ

ဒီနာကြည်းချက်နဲ့

ဒီမျှော်လင့်ချက်ပါပဲ

ဘာမှ မပြောင်းလဲပါဘူးဗျာတို့။

**ဖိုးသံ (လူထ)**

*

## ကျနော် မှတ်မိသလောက်နဲ့ ပြောနိုင်သလောက်

ကျနော့်ကို မွေးတာ မန္တလေးဆေးရုံကြီးမှာပါ။ ဒါပေမယ့် အဲဒီ ဆေးရုံကြီးဆိုတာ အခုရှိတဲ့ ဘူတာကြီးအရှေ့ဘက်က ဆေးရုံကြီး မဟုတ်ပါဘူး။ အခုအခါ အမှတ် ၉ အထက်တန်းကျောင်းလို့ ခေါ်တဲ့ စိန့်ပီတာကျောင်းမှာပါ။ လက်ရှိ ၇၄ လမ်းနဲ့ ၇၇ လမ်းကြားက ဆေးရုံကြီးဟာ စစ်အတွင်း ဗုံးထိလို့ ပျက်သွားပါတယ်။ ဒါကြောင့် မန္တလေးကို အုပ်ချုပ်နေတဲ့လူတွေက ဆေးရုံကို သာသနာပြု ကျောင်းဝိုင်းထဲ ပြောင်းထားတာပါ။ ကျနော့်ကို မွေးတာက မန္တလေးကို အင်္ဂလိပ်က ပြန်သိမ်းပြီး ကက်စ်ဘီအုပ်ချုပ်ရေးနဲ့ အုပ်ချုပ်နေတဲ့ကာလ ဖြစ်ပါတယ်။ ကျနော်မှတ်မိနေတာ တစ်ခုက ကျနော် နည်းနည်းသိတတ်တဲ့အရွယ်မှာ ဘာကြောင့်မှန်းမသိဘူး ကျနော့်အမေ ဆေးရုံ တက်ရပါတယ်။ ကျနော်စကားပြောတတ်နေပြီ။ အဲဒီ အခါမှာလည်း အမေဟာ စိန့်ပီတာကျောင်းထဲက ဆေးရုံကြီးကိုပဲ တက်တာ။ နောင်မှာ ကျနော် စိန့်ပီတာကျောင်းသားဖြစ်လာတော့ နှစ်တန်းကို ကျောင်းရဲ့ အနောက်မြောက်ထောင့်က အဆောင်ကြီးမှာ တက်ရပါတယ်။ မှတ်မှတ်ရရ အဲဒီ တုန်းက ကျောင်းနားချိန်ရောက်ရင် ကျနော်တို့က အဆောင်ရဲ့မြောက်ဘက်က ကွက်လပ် (နောက်တော့ အဲဒီ မှာ ဘုရားရှိခိုးကျောင်း ဆောက်လိုက်တယ်) မှာ ကစားကြပါတယ်။ လူတစ်ရပ် ကျော်မြင့်တဲ့ မြေဖို့ထားတဲ့ မြေပုံကြီးတွေပေါ်မှာ ကစားကြတာပါ။ ကစားတဲ့အခါ အဲဒီ မြေပုံတွေထဲ ကနေ လူအရိုးတွေ၊ အရိုးခေါင်းတွေ၊ သံခမောက်တွေ ထွက်လာတာကို မှတ်မိနေပါတယ်။

ဗုံးထိထားတဲ့ မူလဆေးရုံကြီး အရှေ့ကနေ ဖြတ်သွားတိုင်း အဖေအမေတို့က အဝါရောင် အဆောက်အဦပျက်ကြီးဆီကို လက်ညှိုးထိုးပြပြီး

'ဒါဟာ နဂိုဆေးရုံကြီးပေါ့၊ ဗုံးကျလို့ ပျက်သွားတာ' စသဖြင့် ပြောပြတတ်ပါတယ်။ အဲဒီ တုန်းက ဆေးရုံကြီးဆိုတာ ကျနော်မှတ်မိ သလောက်တော့ ဗုံးထိထားတဲ့ အဲဒီ အလယ်က အဆောက်အဦကြီးပဲ ရှိတာပါ။ ကျန်တာတွေက ဗုံးကြောင့် ပျက်စီးသွားတာလား၊ အဆောက်အဦငယ်နေလို့ မမှတ်မိတာလား မပြောတတ်တော့ ပါဘူး။ ဒီနေရာမှာ ကျနော် သတိထားမိတာတစ်ခုက မန္တလေးဆေးရုံကြီးဝိုင်းအတွင်းမှာ သစ်ပင် ကြီးတွေ အင်မတန်နည်းတာပါပဲ။ စစ်ဒဏ်၊ မီးဒဏ်ဖြစ်နိုင်ပါတယ်။ ၆၀ နှစ်များအထိကိုပဲ သစ်ပင် ကြီးကြီးဆိုလို့ ဖျားနာဆောင် ၂ အရှေ့က ကုက္ကိုပင်ကြီးလောက်ပဲ ရှိပါတယ်။ အဲဒီ အဓိကဆေးရုံ ဆောင်ကြီးရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်က (နောင်မှာ ခွဲစိတ်ဆောင်နဲ့ ဖျားနာဆောင်တွေ ဖြစ်လာတဲ့) နှစ်ထပ်အဆောင်ကြီးနှစ်ခုကတော့ ဆေးရုံကြီး ပြန်ပြောင်းလာဖွင့်ပြီး ကာလအတော် ကြာမှ ဆောက်တာပါ။ ကျနော့်အဖေက ယူဘီအေအေ (အထက်ဗမာနိုင်ငံ အားကစားအသင်း) ကွင်း၊ နောင်မှာ ဇထူးကွင်းမှာ အမှုဆောင်လူကြီးဆိုတော့ နေ့တိုင်း ဘောလုံးကွင်းကို သွားရပါတယ်။ သွားတိုင်းလိုလို ကျနော်က လိုက်သွားပါတယ်။ အဲဒီ တော့ ဆေးရုံကြီးရှေ့က ဖြတ်သွားရပြီး ကားပေါ်မှာ ပါသူများက ဒီဆေးရုံကြီး အကြောင်းပြောတာကို မပြတ်ကြားနေရလို့ အသက်ငယ်သေးပေမယ့် အဆောက်အဦတွေရဲ့ အပြောင်းအလဲကို သတိထားမိနေပါတယ်။

ကျနော်မှတ်မိတဲ့အထဲမှာ ဆေးရုံကြီးမှာ နောက်ဆုံးဆောက်တဲ့ အဆောက်အဦကြီးကြီး အရှေ့မြောက်ထောင့်က နပ်စ်ကွာတာ (သူနာပြုမအဆောင်) ကြီးပဲ ဖြစ်ပါတယ်။ အဲဒီ အရင်က နပ်စ်ကွာတာဟာ ဆေးရုံကြီးရဲ့ အနောက်မြောက်ထောင့်က ဆရာဝန်ကွာတာ နှစ်ထပ်အိမ်အရှည် ကြီး ဖြစ်ပါတယ်။

အခုတော့ ရှိသေးရဲ့လားမသိဘူး။ အဲဒီ တုန်းက ဆေးရုံကြီးရဲ့ အရှေ့တောင်ထိပ်မှာ ပရိပ်ဗိတ်ဝဒ်လို့ခေါ်တဲ့ ပိုက်ဆံပေးတက်ရတဲ့ တစ်ထပ်တိုက်တန်းလေး ရှိပါတယ်။ ကျန်တဲ့ဝဒ်တွေ က အားလုံး အခမဲ့ဆိုတော့

ဒီတစ်ခုတင်ကို ၁၀-၁၅ ကျပ်ပေးရတဲ့ နေရာဟာ ပိုက်ဆံရှိသူတွေ တက်ကြတဲ့နေရာဖြစ်ပါတယ်၊ ညနေ လူနာကို တွေ့ကြတဲ့ အချိန်မှာဆိုရင် ကိုယ်ပိုင်ကားတွေ စီထိုးထားတဲ့နေရာပေ့ါ။

ကျနော် အထက်တန်းကို ရောက်တဲ့အခါကျတော့ မန္တလေးဆေးရုံကြီးဟာ ပုံမှန်ပြန်ဖြစ်နေ ပါပြီ။ သိကြတဲ့အတိုင်း ကျနော့်မိဘများက မန္တလေးမှာ သတင်းစာထုတ်ကြတာဆိုတော့ အကြောင်းအမျိုးမျိုးကြောင့် မန္တလေးဆေးရုံကြီးက ဆရာဝန်ကြီးတွေနဲ့ ရင်းနှီးပါတယ်။ ကျနော် သိမိတဲ့ ပထမဆုံး ဆေးရုံအုပ်ကြီးရဲ့နာမည်က မစ္စတာဂယန်ဆန်း ဆိုလား၊ ပုပုဝဝ ကုလားကြီးပါ။ ဘင်္ဂါလီလူမျိုးထင်ပါရဲ့။ သူ့နာမည်ကို ကျနော် ပီအောင်မမှတ်မိပါဘူး။ သိပ်ငယ်သေးလို့ပါ။ ကျနော် ကောင်းကောင်းမှတ်မိတာက ဆရာကြီး ဦးစောမြအောင် လက်ထက်ဖြစ်ပါတယ်။ ၁၉၆၀ ခုနှစ်စုများ ဖြစ်ပါတယ်။ ဆရာ ဦးစောမြအောင်က မျက်နှာဝိုင်းဝိုင်း၊ အရပ်မြင့်မြင့်နဲ့ နည်းနည်းဖိုင့် ပါတယ်။ ကျနော့်မိဘများနဲ့ သူ့အိမ်ကို နှစ်ခေါက်သုံးခေါက် ရောက်ဖူးပါတယ်။ နောက်ပြီး သူက ဂေါက်သီးကစားတဲ့အတွက် ကျနော့်အဖေနဲ့အတူ ဂေါက်ကွင်းကို လိုက်သွားလေ့ရှိတော့ မကြာခဏ တွေ့ဖူးပါတယ်။ မှန်တာပြောရရင် ကျနော့်အနေနဲ့ ဆရာကြီးဟာ တစ်နေ့မှာ အခုလို နိုင်ငံရေး၊ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေမှာ ရှေ့တန်းကပါလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပါဘူး။

ကျနော်မှတ်မိနေတဲ့ခေတ်က မန္တလေးဆေးရုံကြီးက တာဝန်ရှိဆရာဝန်ကြီးတွေထဲမှာ အကြောင်းအမျိုးမျိုးနဲ့ တစ်ဦးစီကို ထူးထူးခြားခြားမှတ်မိနေပါတယ်။ ကျနော်ဟာ မန္တလေး ဆေးအသိုင်းအဝန်းရဲ့ အပြင်ဘက်ကလူဖြစ်တယ်ဆိုတာကို ထပ်ပြီး အလေးထားပြောပြချင်ပါ တယ်။ ဒါကြောင့် ကျနော်သိတာတွေဟာ အများကြီး အပေါ်ယံဆန်မှာပါ။ အဲဒီ တုန်းက မန္တလေးလို မြို့မှာ တချို့လူတွေ အကြောင်းပြောရင် သူတို့စီးတဲ့ကားတွေပါ ထည့်ပြောတတ်တာကို သိမိသူတွေ သတိထားမိကြပါလိမ့်မယ်။ ဥပမာ- ဆရာကြီး

ဦးဖေသိန်းဆိုရင် 'ရှေးကမှန် အထက်မှာ နေကာ Hood လေးပါတဲ့ ကွန်ဆယ်လ် Consul ကားစီးတဲ့ ဦးဖေသိန်းလေ၊ သူ့မိန်းမက ဒေါ်ကြူကြူဆွေလေ' ဆိုတာမျိုး ပြောတတ်ကြပါတယ်။ ဖျားနာဆောင် ၁ က ဆရာ ဦးတင်အောင်ဆွေဆိုရင်လည်း အဲဒီ တုန်းက မန္တလေးမှာ ဖယ်မီလီယာကားကို ဦးဦးဖျားဖျား စီးသူတွေစာရင်းထဲပါသူတစ်ဦး ဖြစ်တယ်လို့ သာမန်မန္တလေးသားက မှတ်မိနေပါတယ်။

ကျနော့်မိဘများနဲ့ အရင်းနှီးဆုံး၊ အသွားအလာအများဆုံးကတော့ ဆရာဦးစံဘော်နဲ့ ဒေါ်မြင့် ဇနီးမောင်နှံလို့ ပြောရင် မမှားပါဘူး။ ဆရာကြီးရဲ့ ကမ္ဘာကျော်ဆင်စွယ်နဲ့ တင်ပဆုံရိုးအတု လုပ်တဲ့ နည်းပညာစာတမ်းကို ပြည်ပသွား မဖတ်ခင်ကတည်းက ကျနော့်မိဘများနဲ့ သူတို့ ရင်းနှီးကြတာပါ။ မဆလအစိုးရက သူပြန်မလာမှာစိုးလို့ ပြည်ပထွက်ခွင့် မပေးသလိုလို ကြားဖူး ပါတယ်။ ဆရာကြီးကို ဆင်စွယ်နဲ့ ပန်းပုထုသူ လွယ်လွယ်ကူကူ ရရှိရေးအတွက် ကျနော့်အမေက အကူအညီပေးခဲ့တယ်။ လမ်း ၈၀၊ တရုတ်တန်းက ဆင်စွယ်တိုက်နဲ့ ဆက်သွယ်ပေးခဲ့တယ်လို့ မှတ်မိနေပါတယ်။ ဆရာမကြီး ဒေါ်မြင့်မြင့်ခင်အကြောင်းတော့ ကျနော်အထူးမပြောတော့ပါဘူး။ တခြားဆရာဝန်ကြီးတွေလည်း ရေးနေကြတာဆိုတော့ ကျနော်ရေးလိုက်ရင် 'တော့'လက်ရာ ဖြစ်သွားမှာ စိုးပါတယ်။

ကျနော်က ဗထူးကွင်းမှာ ဘောလုံးကန်တော့ ဘောလုံးလောကသားတွေဆီက ဆရာကြီး ဦးထွန်းသင် (သူက ဖျားနာ-၃ က ထင်ပါတယ်) တစ်ယောက် ဘောလုံးပွဲကြည့်တာအပြင် တခြား သူ့ရဲ့ဝါသနာတွေအကြောင်းလည်း ကြားရပါတယ်။ ဆရာကြီးဟာ လူတန်းစားမခွဲခြားဘဲ လူ့အလွှာအသီးသီးနဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းတတ်သလို အကယ်ဒမီ ကိုမြတ်လေးကြီးလို ဝါသနာမျိုးလည်းပါတယ် စတဲ့အကြောင်းတွေပေါ့။

နောက် ဆရာကြီးဦးစိုးမြင့် (အိုဂျီ) ကတော့ ကွန်မြူနစ်လောင်းလေး

ကျနော့်အဖို့ ဗကပဥက္ကဋ္ဌ သခင်ဗသိန်းတင်ရဲ့ အစ်ကိုအဖြစ် ကြည်ညိုနေရသူဖြစ်ပါတယ်။ သူနဲ့ ကြုံတိုင်း တစေ့တစောင်းကြည့်ပြီး သခင်ဗသိန်းတင်နဲ့ တူမတူ မှန်းကြည့်ရတာ အမောပါ။

ဆရာကြီး ဦးဘသန်းနဲ့ကတော့ ပြောစမှတ်တွေ အများကြီးပါ။ ဆရာကြီးက ကျနော်တို့အိမ် ကိုလည်း တစ်ခါတစ်ခါ ရောက်လာတတ်ပါတယ်။ ကျနော့်မိဘများကတဆင့် (ဆိုင်း)ဆရာ ကိုစိန်လှမောင်နဲ့ ဆက်သွယ်မိ၊ ပတ္တလားကိုသာမက စောင်းကို အကြီးအကျယ်ဝါသနာပါ။ ဒီလိုနဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို မြန်မာဆိုင်းဝိုင်းနဲ့ ကျင်းပတဲ့ အစဉ်အလာကိုလည်း သူပဲ စ ' တီထွင်ခဲ့ပါတယ်။ ဒီနေရာမှာ ဆရာကြီးဦးဘသန်းနဲ့ ပတ်သက်လို့ လူသိပ်မသိသေးတဲ့ အဖြစ်အပျက်ကလေးတစ်ခု တင်ပြချင်ပါတယ်။ ကျနော်လည်း တစ်ဆင့်ကြားဖူးတာပါ။ အဲဒါက ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မသုံးလုံးခရိုင်စတဲ့ ဒေသတွေမှာ လက်နက်ကိုင်တော်လှန်ရေးအင်အားစု တွေ အားကောင်းနေတုန်းက ဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်များ အစောပိုင်းလောက်က ဖြစ်ပါလိမ့်မယ်။ ပဲခူးရိုးမဘက်က ဗကပသူပုန်တစ်ယောက် ငှက်ဖျားအကြီးအကျယ်ဖြစ်တော့ တိတ်တဆိတ် ရန်ကုန်ကို သယ်လာပြီး ရန်ကုန်ဆေးရုံကြီးမှာ တင်ပါသတဲ့။ အဲဒီ တုန်းက ရန်ကုန်-မင်္ဂလာဒုံလေးကား လမ်းက နည်းနည်းခွာရင် သူပုန်နယ်မြေဖြစ်နေတဲ့အချိန်ပါ။ ဒီရဲဘော်နေထိုင်တဲ့နေရာက ငှက်ဖျားဆိုးလွန်းလို့ နာမည်ကြီးလှတဲ့ ဘောဂလိတော (နာမည်နည်းနည်းမှားနိုင်ပါတယ်) ဖြစ်ပါတယ်။ လူနာကို ဆေးရုံတင်တော့ တာဝန်ကျသမားတော်ကြီးက လာကြည့်ပါတယ်။ အဲဒီ သမားတော်ကြီးဟာ တခြားဟုတ်ပါရိုးလား။ အဲဒီ တုန်းက ဗမာပြည်ရဲ့ ထပ်တန်းသမားတော်ကြီး လည်းဖြစ်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းရဲ့ ယောက္ခမလည်းဖြစ်တဲ့ ဒေါက်တာဘသန်းပဲဖြစ်ပါတယ်။ လူနာရှင်တွေဟာ သေရေးရှင်ရေးမို့သာ ဒီသူပုန် လူနာကို ဆေးရုံတင်တာ၊ သူတို့မှာ ထိတ်လိုက်ကြ တာမှ အသက်ကို ဖက်နဲ့ထုပ်ထားသလိုပါပဲတဲ့။ ဒီလိုနဲ့ ဆရာကြီးဦးသန်းက

'ဘယ်ကခေါ်လာတဲ့ လူမမာလဲလို့' မေးပါတယ်။ လူနာရှင်တွေက လန့်တာနဲ့ နေရာကို လှီးလွှဲပြောပါတယ်။ ဒီတော့ ဆရာကြီးက 'ငါ့ကိုမညာကြနဲ့၊ ဒါဘောဂလိင့ှက်ပဲ' လို့ တဲ့တိုးပြောလိုက်သတဲ့။ ဒီတော့မှ လူနာရှင် တွေက ဆရာကြီးကို အမှန်အတိုင်းပြောပြီး တောင်းပန်ကြပါတယ်။ ဒီလိုနဲ့ လူနာဟာ ရောဂါပျောက်တဲ့အထိ ဘေးကင်းရန်ကင်း ဆေးရုံတက်နိုင်ပြီး နေကောင်းတော့ တော်ထဲကို ပြန်သွားပါတယ်။ ဒါဟာ ဟိုတစ်ခေတ်က ကွန်မြူနစ်ကြားမှာ ပြောစမှတ်ပြုကြတဲ့ ဆရာဝန်ပီသမှု (Professionalism) စံပါ။

ဒီနေရာမှာ သူများတွေ မရေးလောက်ဘူးထင်ရတဲ့ လူပုဂ္ဂိုလ်တချို့အကြောင်း နည်းနည်း ဖြည့်ချင်ပါတယ်။ အဲဒီ အထဲက တစ်ဦးက ဆေးရုံမှာ ရုံးအုပ်ကြီးဖြစ်တဲ့ ဦးဝင်းပါ။ သူ့အိမ်က လမ်း ၃၀ ပေါ်၊ ဂျီတီအိုင်ကျောင်းအရှေ့မှာရှိတဲ့ ဆေးရုံကြီးပိုင် မြေမြင့်ပေါ်မှာ ဆောက်ထားတဲ့ ကပ်အိမ် တွေထဲက တစ်လုံးဖြစ်ပါတယ်။ အဲဒီ နေရာမှာ ဒီလို အိမ် ၄-၅ လုံးလောက်ရှိတယ်ထင်ပါရဲ့၊ တခြား အိမ်တွေမှာလည်း ဆရာဝန်မိသားစုတွေ နေကြပါတယ်။ ဦးဝင်းမှာက သားသမီး ၈ ယောက်လား ရှိတာပါ။ သူ့သားသမီးတွေက ကျနော်တို့ ညီအစ်ကိုမောင်နှမတွေနဲ့ ကျောင်းနေဖက်တွေ ဖြစ်ပါတယ်။ ကျနော်နဲ့ တစ်တန်းတည်းနေဖူးတာကိုကပဲ နှစ်ယောက်ရှိပါတယ်။ သူတို့အားလုံးက စိန်ပီတာနဲ့ ကွန်ဗင့်ကျောင်းမှာ နေကြတာဆိုတော့ သူတို့ကို ကျောင်းလာပို့တဲ့ ဂျစ်ကားလေးဟာ သူတို့မောင်နှမတွေနဲ့ပဲ ပြည့်နေတာပါ။ ဦးဝင်းသား၊ ကျနော့်သူငယ်ချင်း မောရစ္စဝင်းက ဘောလုံးကန်သလို၊ ဦးဝင်းကလည်း တစ်ခါတစ်ခါ ဘောလုံးပွဲကြည့်တတ်တာမို့ သူ့ကို မှတ်မှတ်ရရဖြစ်နေတာပါ။

ကျနော်ပြောချင်တဲ့ နောက်တစ်ဦးက အိုပီဒီခေါ် အပြင်လူနာပြတဲ့ ဆေးခန်းမှာ ဆေးစပ်တဲ့ ကိုထွန်းဖြစ်ပါတယ်။ သူက မန္တလေးဝက်စုလို့ခေါ်တဲ့ ပေါက်မြိုင်ကျောင်း အနောက်ဘက်က ဖြစ်ပါတယ်။ ကျနော့်ထက် အသက်တော်တော်ကြီးပါတယ်။ ဒါပေမယ့် ဘောလုံးအတူကန်ကြ တာပါ။

ကျနော်တို့တတွေ ဘောလုံးကန်လို့ ဒဏ်ရာရပြီဆိုရင် သူ့ဆီကို ပြေးကြတာပါ။ သူက သင့်တော်သလိုပြုပေး၊ ဆောင်ရွက်ပေးပါတယ်။ ကျနော်ကြားဖူးတာတော့ ခပ်ရှုပ်ရှုပ်ဘောလုံး သမားတွေ ပွဲလို့ ရောဂါရရင်လည်း သူ့ဆီကို ပြေးကြပါတယ်။ သူကပဲ ဖြေရှင်းပေးပါတယ်။ ကျနော်တို့ကတော့ သူ့ဆီမှာ လီနမင်လိမ်းဆေး၊ တင်ချာ၊ ဆာလ်ဖာအမှုန့်၊ ပတ်တီး၊ ပလာစတာ စတာတွေတောင်းကြတယ်။ ဒါ့အပြင် ဘောလုံးကစားမယ့်နေ့မှာ အားရှိအောင်ဆိုပြီး အကြော ဆေးထိုးတဲ့ ဂလူးကို့စ် ၂၀ စီစီပုလင်းလေးတွေလည်း တောင်းသောက်ကြပါတယ်။ သူက ခင်တဲ့ကိုယ့်လူတွေမို့ လုပ်ငန်းထဲကနေ 'ကဲ့' ပေးတာပါ။ အဲဒီ တုန်းကတော့ 'ပေါများ' တဲ့ ကာလမို့ ဒီလောက်ခိုးတာနဲ့တော့ ဘာပြဿနာမှ မဖြစ်ပါဘူး။

အဲဒီ ကာလတုန်းက ဆေးရုံကြီးရဲ့ အတွင်းရေးတွေကို သိပ်မသိရပေမယ့် ကျနော်နားလည် သလောက်မှာတော့ တာဝန်ရှိဆရာဝန်ကြီးတွေထဲက ရာခိုင်နှုန်း ၉၀ ထက်မနည်းတာ ဆရာဝန် စိတ်ရှိကြပါတယ်။ လူနာတွေအပေါ် စေတနာနဲ့ ကရုဏာထားကြပါတယ်။ စိတ်သဘောထား ဖြူစင်ပြီး ဘာနိုင်ငံရေးအစွဲအလမ်းမှလည်း မရှိကြပါဘူး။ နည်းနည်းပျက်သွားတာက မဆလ အစိုးရက ဆရာဝန်တွေကို မဆလပါတီဝင်ခိုင်းပြီး ပါတီဝင်တွေကို အခွင့်အရေးတွေပေးမလိုလို၊ ပေးသလိုလို လုပ်တော့မှ ဆေးလောကအတွင်း မညီညွတ်မှုတွေပေါ်လာ၊ တစ်ဦးပေါ်တစ်ဦး တစ်စုံတစ်ရာ အာဃာတတွေ သည်းသန်လာတာဖြစ်ပါတယ်။

ဒီလိုနဲ့ အခုတော့ . . .

အခုတော့ သမိုင်းက အသစ်ဖြစ်သွားပြီထင်ပါတယ်။

*

## လွတ်လပ်ရေးရပြီး မကြာမီ ၅ဂ စုနှစ်များတုန်းက မန္တလေး

ကျနော့်အမေရေးတဲ့ 'ကျမတို့မန္တလေး၊' 'ကျမတို့ငယ်ငယ်တုန်းကမန္တလေး' စတဲ့ ဆောင်းပါးတွေကို ဖတ်ရတော့ ကျနော့်မှာ အမေ့ဘေးပဲ ပြန်ရောက်နေသလိုလို၊ တစ်ခေတ်က မန္တလေးကိုပဲ ပြန်ရောက်နေသလိုလို၊ အဘိုးအဘွားနဲ့ ဆရာကြီးရွှေဥဒေါင်းတို့လို လူကြီးတွေ အကြား ပြန်ရောက်နေသလိုလို ခံစားရပါတယ်။ ဒီလိုနဲ့ တစ်ခါတစ်ခါကျတော့ တကယ်လို့များ ငါတို့ခေတ်က မန္တလေးရယ်လို့ ရေးလိုက်ရင် ဖတ်ချင်တဲ့လူ ရှိပ့ါမလားလို့လည်း တွေးနေမိပါတယ်။ တစ်ဆက်ထဲမှာ ကိုယ်ငယ်ငယ်က ပုံရိပ်တွေကို ပြန်တွေးမိပါတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ရာစုနှစ် ၅ဂ နှစ်များဆီက အတိတ်ကိုပါ။

အဲဒီ တုန်းက မန္တလေးဟာ စစ်ကြီးထဲက ရုန်းထနေဆဲကာလလို့ ဆိုရပါမယ်။ မြို့လယ်နေရာ အနှံ့အပြားမှာ ဗုံးဒဏ်ထိထားတဲ့ တိုက်ပျက်ကြီးတွေ၊ အဲဒီ တိုက်ပျက်ကြီးတွေထဲမှာပဲ တဲထိုး၊ အိမ်လုပ်ပြီး နေကြတာတွေ နေရာတကာမှာ တွေ့နေရပါတယ်။ အထင်ရှားဆုံးတချို့ကိုပြောရရင် ၂၆ ဘီလမ်းနဲ့ ၈၂ လမ်းထောင့်က အခုဘဏ်ဖြစ်နေတဲ့ နေရာက ရိုးကုမ္ပဏီတိုက်ပျက်ကြီး၊ မာရဂျန်းဆေးဆိုင်ဆိုတာကလည်း တိုက်ပျက်ကြီးမှာ ဖြစ်သလိုဆောက် ဆိုင်ဖွင့်ထားတာ၊ အားလုံး ဗုံးထိထားတာတွေပါ။

ကျနော်ကျောင်းစ'နေတော့ ၈၂ လမ်းပေါ်က စိန့်ဂျိုးဇက်ကွန်ဗင့်ဆိုတဲ့ ဘုရင်ဂျီမယ် သီလရင် သာသနာပြုကျောင်းမှာ ဖြစ်ပါတယ်။ အဲဒီ ကျောင်းထဲကို ဝင်ဝင်ပြီး တံခါးမကြီးညာဖက် မှာ ဗုံးဒဏ်ကြောင့် ကြေမွနေတဲ့ ဘုရားရှိခိုးကျောင်းလေးရှိပါတယ်။ ကျနော့်အဖေပါဝင်လုပ်ကိုင်တဲ့ မန္တလေးက

အသင်းအပင်းပေါင်းစုံထဲမှာ ယူဘီအေအေလို့ခေါ်တဲ့ အထက်ဗမာနိုင်ငံ ကစားအသင်းလည်း ပါပါတယ်။ အဲဒီ မှာ သူနဲ့ အတော်လေးရင်းနှီးတဲ့ လူတစ်ဦးက ၈၄ လမ်းပေါ်က သံလမ်းတောင်ဘက် ကိုက်တစ်ရာလောက်မှာ၊ အရှေ့ဖက်တန်းက ကားဝပ်ရှော့ထောင်တဲ့ ဦးကျော်သောင်းဆိုသူ ဖြစ်ပါတယ်။ သူ့သားဆန်နီနဲ့ ကျနော်က နောင်မှာ ဗထူးကွင်းဖြစ်လာမယ့် ယူဘီအေအေကွင်းထဲမှာ ဘောလုံးပွဲချိန်အတွင်း အတူပြေးလွှားကစားနေကျဖြစ်ပါတယ်။ ကျနော် ပြောချင်တာက သူတို့ရဲ့ အတော်ကျယ်တဲ့ အိမ်ဝိုင်းကြီးအလယ်မှာ နှစ်ထပ်တိုက်ပျက်ကြီးတစ်လုံး ရှိပြီး သူတို့က အဲဒီ အထဲမှာ ကပ်အိမ်တစ်လုံးဆောက်ပြီးနေတဲ့ အကြောင်းပါပဲ။ အဲဒီ တိုက်ပျက်ကြီး ဟာ ၁၉၈၀ ခုနှစ်များထဲအထိ ရှိနေသေးတယ်ထင်ပါတယ်။

နောက်ပြီး ၈၂ လမ်း ရသာတန်း တောင်ဖျားက ကယ်လီဘုရားရှိခိုးကျောင်းကြီးဟာလည်း အချွန်ကြီး မရှိတော့တာကိုလည်း မှတ်မိနေပါတယ်။ အခုတွေ့နေကြရတာ က နောက်မှ ပြန်ဆောက်ယူတာပါ။ သူ့အရှေ့ဘက်က ကယ်လီကျောင်းဆိုတာက အုတ်ခုံပဲကျန်ပြီး သူ့တောင်ဘက်က နှစ်ခြင်းအဖွဲ့ရဲ့ နှစ်ထပ်တိုက်တို့ဆိုရင်လည်း အမိုးမရှိ၊ အထဲမှာ အုတ်ကျိုး အုတ်ပဲ့တွေသာ ကျန်ပါတယ်။ ဗမာပြည်မှာ အင်မတန်ရှားရှားပါးပါး လှပတဲ့ လဖုံးကျောင်းက ဘုရားရှိခိုးကျောင်းကြီးကတော့ ဗုံးဒဏ်က လွတ်သွားပါတယ်။

မန္တလေးသူ၊ မန္တလေးသားတွေအနေနဲ့ ပြည်တော်ဝင်ပြီးနောက် လုပ်စရာတွေ အများကြီး ရှိနေသေးတဲ့ ကာလတွေလို့ ဆိုရမယ်ထင်ပါတယ်။

အဲဒီ တုန်းက ကျောင်းတက်နေတဲ့ ကျနော်တို့လို ကလေးတွေအဖို့ နွေရာသီ ကျောင်းပိတ်ရက်ကို ဖြတ်သန်းရတာ ဟာ ပျော်စရာလည်းကောင်း၊ ပျင်းစရာလည်း ကောင်းလှ ပါတယ်။ စာမသင်ရလို့ ပျော်စရာကောင်းပေမယ့် တိတိကျကျ၊ မယ်မယ်ရရ လုပ်စရာမရှိတဲ့ အတွက် ပျင်းစရာကောင်းလှပါတယ်။ အဲဒီ လိုအချိန်တွေမှာ ကျနော်ကျက်စားလေ့ရှိတာကတော့ ကျနော်တို့အိမ်ရဲ့

နောက်ကျောက အရှေ့ယပ်ဝင်းလို့ခေါ်တဲ့ ဝင်းရဲ့တစ်ခြမ်းကျော်ကို ယူထားတဲ့ ကျနော့်အဘိုးနဲ့အဘွားရဲ့ဝင်း၊ တိုင်းချက်ကျောင်းဝင်းနဲ့ ကယ်လီကျောင်းဝင်းတို့ဖြစ်ပါတယ်။ ကျနော်တို့မှာက ဦးထင်-ဒေါ်စုရဲ့ မြေးတွေကိုက ၁၄-၅ ယောက်ရှိတာဆိုတော့ အဖော်ကတော့ မရှားပါဘူး။

ကျနော့်အဘွားက ဆေးရိုးထောင်းတဲ့ လုပ်ငန်းလုပ်ပါတယ်။ ဆေးရိုးထောင်းတယ် ဆိုတာက အလွယ်ပြောရရင် ဆေးရိုးပင်အခြောက်တွေကို ရိုင်ကြီးတွေထဲမှာ ထည့်လှော်ပြီး မောင်းဆုံတွေနဲ့ ထောင်းတာပါ။ ဟိုတုန်းကတော့ နင်းတဲ့လူကနင်း၊ သိမ်းတဲ့လူက သိမ်းဖြစ်ရမှာပေ့ါ။ ကျနော်တို့ သိမှီတဲ့ခေတ်ကျတော့ မော်တာနဲ့ ဖြစ်နေပါပြီ။ ဆေးပေ့ါလိပ်ထဲမှာ ထည့်တဲ့ ဆေးရိုးတွေရဖို့ ဖြစ်ပါတယ်။ အငွေ့တလူလူနဲ့ ဆေးရိုးဖိုကြီးတွေ ရှစ်ဖိုလောက်ရှိပြီး မောင်းဆုံကလည်း အဲဒီ အရေအတွက်လောက်ပဲ ရှိပါတယ်။ မော်တာနဲ့ ထောင်းတယ်ဆိုပေမယ့် လူ့လက်ကလွတ်တာတော့ မဟုတ်ပါဘူး။ မောင်းဆုံဘေးမှာ လူတစ်ယောက်ကထိုင်ပြီး အပြင်လျှံထွက်တဲ့ ဆေးရိုးတွေကို ပြန်ထည့်ပေးနေရ၊ ပြီးသွားရင် ယူထုတ်ရ၊ ထောင်းစရာ အသစ်ပြန်ထည့်ရ လုပ်နေရတာ ပါ။ အဲဒီ မှာ အလုပ်လုပ်နေတဲ့လူတွေဟာ ခေါင်းပေါ် ကိုယ်ပေါ်မှာ ဆေးရိုးမှုန့်တွေနဲ့ချည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဆေးရိုးလှော်တဲ့ ဂိုဒေါင်တွေနဲ့ ထောင်းထားတဲ့ ဆေးရိုးမှုန့်တွေကို နေလှန်းရတဲ့ ကွက်လပ်ကြီးတစ်ခုလည်းရှိပါသေးတယ်။ အဲဒီ ကွက်လပ်ကြီးဟာ ကျနော်တို့ရဲ့ အားကစားကွင်းလည်း ဖြစ်ပါတယ်။

ကျနော်ပြောချင်တာကတော့ အဲဒီ တုန်းက မန္တလေးရဲ့ အဲဒီ လိုဝင်းတွေထဲမှာ သစ်ပင်တွေ၊ ငှက်တွေ အမျိုးစုံရှိတတ်တယ်ဆိုတာပါ။ ကျနော့်အဘွားဝင်းထဲမှာ ခုနကပြောခဲ့သလို ဆေးရိုးပေါင်းတာ၊ လှန်းတာတွေ လုပ်ရတော့ သစ်ပင်ကြီးကြီး မထားပါဘူး။ နည်းနည်းကြီးဆိုလို့ ကျနော့်အဒေါ် ဒေါ်ကြင်တို့အိမ်ဝိုင်းထဲက အုန်းနဲပင်တစ်ပင်နဲ့ ကပ်စေးနဲပင်တစ်ပင်ပဲ ရှိပါတယ်။ အဲဒါအပြင် ကျနော်တို့ ပုံနှိပ်တိုက်ဝိုင်းထဲမှာ ဆီးပင် ခပ်ပျက်ပျက်တစ်ပင် ရှိပါတယ်။

ဒါပေမယ့် အဲဒီ ဝိုင်းထဲမှာ ကျီးနဲ့စာကလေးအပြင် ပြွတ်ကလေးတွေ၊ ပုံ့လွှားလေးတွေ၊ ငှက်ကျားလေးတွေနဲ့ ကျနော်မခေါ်တတ်တဲ့ ငှက်သုံးလေးမျိုး အမြဲလာကျက်စားလေ့ရှိပါတယ်။ တစ်ခါတစ်ရံ ညမှာ ဇီးကွက်လာတတ်သလို လင်းနို့ဆိုတာကတော့ အမြဲလိုပျံဝဲနေတာပါ။ သစ်ပင်တိုင်းလိုလိုအပေါ်မှာ လည်းရှဉ့်ရှိတာကို မှတ်မိနေပါတယ်။ ကျနော်တို့တတွေက ကျောင်းပိတ်ရင် လောက်လေးခွ ကိုင်လေ့ရှိပါတယ်။ ဒါပေမယ့် လူကြီးတွေမသိအောင် ကိုင်ရတာ ပါ။ ပြောလို့သာပြောတာ ကျနော်တို့လောက်လေးခွနဲ့ အသက်ထွက်ရတဲ့ သတ္တဝါရယ်လို့ ပုတ်သင်ညိုပဲ ရှိတယ်လို့ မှတ်မိ နေပါတယ်။ ပုတ်သင်ညို အသေရပြီဆိုလို့ကတော့ အဲဒီ သေနေတဲ့ ပုတ်သင်ညို နည်းနည်းကမှ မျက်နှာမငယ်ရပါဘူး။ သစ်သားနဲ့ လုပ်ထားတဲ့ ကျောက်တံသေတ္တာလေးထဲမှာ ထည့်ပြီး ကျကျနန အသုဘချပေးပါတယ်။ ပုတ်သင်ညိုတာက ပေါမှပေါပါ။ သစ်ပင်တွေ၊ ချုံပုတ်တွေပေါ်မှာသာမက အဆောက်အဦတွေရဲ့ ထုတ်တွေ တန်းတွေ ပေါ်မှာလည်း နေရာတကာ တွေ့ရတတ်ပါတယ်။ ကျနော်တို့သာ ဘတ်ခွလက်တည့်ရင် တစ်နေ့တစ်ပိဿာလောက်တော့ အလွယ်လေးနေမှာပါ။

အဲဒီ လို ငှက်တွေနဲ့ သတ္တဝါငယ်လေးတွေပေါသလို မြွေကင်းလည်း မနည်းပါဘူး။ ကင်းလိပ်ရှောဆိုတာက နေရာတကာ အချိန်မရွေး ထွက်လာတတ်ပါတယ်။ မြွေဆိုးရယ်လို့တော့ တစ်ခါမှမတွေ့ဖူးပေမယ့် မြွေစိမ်းမျိုးစုံတော့ တွေ့ရတာ မကြာခဏပါပဲ။ ကင်းကတော့ ကင်းခြေများ၊ ကင်းမလက်မဲ၊ ကင်းမြီးကောက်၊ အစုံလို့ ဆိုနိုင်ပါတယ်။ အဲ . . . မန္တလေးထုံးစံ အတိုင်း သီတင်းကျွတ်နားရောက်ရင်တော့ ပုရစ်တွေလည်း တယ်ထွက်သပေါ့။ ပုရစ်ဆိုလို့ ပြောချင်တာ၊ ပြောစရာတွေ ဆက်ပေါ်လာပါတယ်။ ရေပုံးနဲ့၊ ရေလောင်းတဲ့ခွက်နဲ့၊ ပုရစ်ထည့်တဲ့ အိတ်၊ ဒါမှမဟုတ် ပုံးကိုဆွဲပြီး ပုရစ်တွင်းရှာကြ၊ တွေ့ပြီဆိုရင် ပုရစ်တွင်းထဲ ရေလောင်းပြီး ထွက်လာတဲ့အကောင်တွေကို ဖမ်းရတာ ၊ တွင်းထဲကို သန်သန်မာမာ အဖိုတစ်ကောင်ကို ခေါင်းစိုက်ထည့်ပေးလိုက်ပြီး အထဲက

အကောင်နဲ့ကိုက်ရင်း ပြန်ထွက်လာကြတော့မှ နှစ်ကောင်လုံးကို ဖမ်းရတာ ၊ မန္တလေးက ကလေးတွေအတွက် အလွန်စိတ်ဝင်စားစရာကောင်းပြီး ပျော်စရာအတိပြီးတဲ့ ပုရစ်ဖမ်းပွဲတွေပါပဲ။

ရေးရင်း၊ ရေးရင်း ကလောင်က သဝေထိုးသွားပြန်ပြီ။ အဘွားဝင်းကို ပြန်ပြောပါဦးမယ်။ ကျနော်တို့အဘွားက သူအရင်နေတဲ့ တိုက်အိုကြီး ပတ်ပတ်လည်မှာ သလဲပင်တွေ၊ ဇွန်ရုံတွေ အများကြီးစိုက်ထားပါတယ်။ စစ်ကိုင်းငလျင်ပြီးတဲ့ နောက်ကျမှ ဒီတိုက်ကြီးဟာ စိတ်မချရဘူးဆိုပြီး ဖြိုချပစ်လိုက်ပါတယ်။ ဇွန်ပန်းပွင့်ချိန်ဆိုရင် ကျနော်တို့အဘွားမြေးတွေ ညနေစောင်းမှာ ငွေဖလားကြီးတွေနဲ့ အဖူးတွေကို သွားခူးကြရပါတယ်။ ကလေးလူကြီး ၇ ယောက် ၈ ယောက် ခူးတာ တနာရီလောက်များကြာသလားမသိပါဘူး။ အဲဒီ လောက်ကို များတာပါ။ ပြီးမှ အဲဒီ ဇွန်ပန်း တွေကို ဘုရားတင်ဖို့ ဖယ်သင့်တာဖယ်ပြီး ကျန်တာတွေကိုပန်းကုံးတွေ သီကြတာပါပဲ။ နောက်နေ့ကျရင် အမေတို့ညီအစ်မတွေ ဇွန်ပန်ကုံးအတုတ်ကြီးတွေနဲ့ ဝင့်နေကြပါပြီ။

ဒီဝင်းရဲ့နာမည်က ယပ်ဝင်းဆိုတော့ ယပ်တောင်လုပ်တဲ့ ဝင်းဖြစ်တယ်ဆိုတာ ရှင်းနေပါတယ်။ ဒီဝင်းရဲ့ အနောက်ဘက်၊ နဂါးတိုက် နောက်ကျောကဝင်းကိုတော့ အနောက် ယပ်ဝင်းလို့ခေါ်ကြပါတယ်။ ဒါပေမယ့် ကျနော် လူမှန်းသိတဲ့အချိန်ကစပြီး အရှေ့ယပ်ဝင်းထဲမှာ ယပ်တောင်လုပ်သူရယ်လို့ တစ်ဦးမှ မတွေ့ဖူးပါဘူး။ ကျနော့်အဘွားဝင်းထဲမှာတော့ ဘယ်နေရာမဆို မြေကြီးကိုတူးလိုက်ရင် ကန့်ကူဆံတွေ ထွက်လာတတ်ပါတယ်။ တစ်ချိန်က ဒီနေရာမှာ ကန့်ကူဆံရောင်းတဲ့ ဈေးလိုဟာ ရှိခဲ့လို့ ဖြစ်တယ်လို့တော့ လူကြီးတွေပြောတာ ကြားဖူးပါတယ်။ ကလေးဆိုတာ တုတ်ချောင်းကလေးနဲ့လောက် တူးနိုင်တာပါ။ အဲဒီ လိုတူးလိုက်ရင် တစ်လက်မလောက် အနက်မှာပဲ ဟော . . . ကန့်ကူဆံတစ်ချောင်း၊ ဒါမှမဟုတ်

တစ်ကျိုး၊ တစ်ပိုင်း၊ များသောအားဖြင့်ကတော့ အပိုင်းအစလေးတွေပါ။ တစ်ခါတစ်လေမှ လက်တစ်ညှိုးလောက် တွေ့ရပါတယ်။ ဒါပေမယ့် တူးလိုက်တိုင်း တွေ့နေရတာ ကတော့ အမှန်ပါပဲ။ ကျနော်တို့အဖို့တော့ တွေ့ရဖန်များလွန်းလို့ အဆန်းတောင် မဟုတ်တော့လို့ နောင်မှာ တူးတောင် မတူးကြတော့ပါဘူး။ တူးရင်ရဦးမလား၊ မရတော့ဘူးလားလည်း မသိတော့ပါဘူး။ အဲဒီ တုန်းက အိမ်မှာ ဖန်ခုန်တမ်း၊ ထွေပစ်တမ်း စတာတွေ ကစားရင် သမံတလင်းပေါ်မှာ အဲဒီ ကန့်ကူဆံတွေနဲ့ပဲ လိုင်းဆွဲပါတယ်။ မြေဖြူကို လုံးဝ မသောက်သလောက်ပါပဲ။

ကျနော်အိမ်က ထွက်လာတဲ့အထိ ဒီဝိုင်းကြီးဟာ အဘွားမရှိတော့တာကလွဲရင် ဘာမှမပြောင်းလဲသလောက်ပဲ ဖြစ်ပါတယ်။ ဦးကျားကြီးမီးလောင်တဲ့အခါမှာ ဒီဝင်းပါ ပါသွားတယ် ကြားတော့ သိပ်စိတ်ထိခိုက်ရပါတယ်။ တစ်ဆက်ထဲမှာ ဩော် . . . မန္တလေးမြို့ကြီးခမျာ ပုံမှန် အဆင့်ဆင့် မပြောင်းလဲရပဲ သဘာဝ ဘေးတွေ၊ လူ့ဘေးတွေနဲ့ လိုက်ပြီး ပြောင်းလဲနေရပါလားလို့ လည်း တွေးနေမိပါတယ်။

*

## မန္တလေးက စိန်ပီတာကျောင်း

ကျနော့်ဘဝမှာ ကျောင်းသုံးကျောင်းနေခဲ့ပါတယ်။ စိန်ဂျိုးဇက်ကွန်ဗင့်၊ စိန်ပီတာနဲ့ မန္တလေးတက္ကသိုလ်တို့ဖြစ်ပါတယ်။ အဲဒီ အထဲက ပထမဆုံးနေခဲ့ရတာကတော့ စိန်ဂျိုးဇက်ကွန်ဗင့် ဖြစ်ပါတယ်။ မဆလအစိုးရက သိမ်းယူပြီးနောက် အမှတ် (၈) အထကလို့ခေါ်စေခဲ့တဲ့ ၂၄ လမ်းနဲ့ ၂၅ လမ်းအကြား၊ ၈၂ လမ်းပေါ် လမ်းရဲ့အနောက်ဘက်က ကျောင်းဖြစ်ပါတယ်။ ဗရင်ဂျီခရစ်ယာန် သာသနာပြု၊ မယ်သီလရင်ကျောင်း ဖြစ်ပါတယ်။

အဲဒီ ကျောင်းကြီးဟာ ဟိုကာလ အတိုင်းအတာနဲ့ဆိုရင် အတော့်ကိုကြီးတဲ့နှစ်ထပ်၊ အုတ်အဆောက်အဦတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျောင်းဝိုင်း အဝင်ဝက ဘုရားရှိခိုး ကျောင်းလေး ဖုံးကျလို့ ပျက်စီးသွားတာကလွဲရင် ကျန်တာတွေအားလုံးဟာ ဧရာမ မန်ကျည်းပင် ကြီးတွေအကြားမှာ အကောင်းပကတိ ကျန်ခဲ့ပါတယ်။ ကျောင်းဝိုင်းဧရိယာ အများစုဟာ နေပြောက်မထိုးဘူးလို့တောင် ဆိုနိုင်ပါတယ်။

ကျနော် ကျောင်းစတက်တော့ အသက်ဘယ်နှစ်နှစ်ရှိပြီဆိုတာ မမှတ်မိပါဘူး။ ကျနော့်အစ်မ နဲ့အတူ လိုက်တက်ရတာ ပါ။ ကျောင်းပျော်အောင်ဆိုပြီး ထည့်လိုက်တာမျိုးလို့ ထင်ပါတယ်။ သိပ်ငယ်ပါတယ်။ ၃-၄ နှစ်အရွယ်ဖြစ်ပါလိမ့်မယ်။ ဘာသင်ရတယ်ဆိုတာ လုံးဝ မမှတ်မိပါဘူး။ နေ့လယ်မှာ အိပ်ရတာ နဲ့ သီချင်းတွေဆိုရတာ ပဲ မှတ်မိနေပါတယ်။

အဲဒီ ကျောင်းမှာ ယောကျ်ားလေးတွေ အင်မတန် နည်းပါတယ်။ သူငယ်တန်းကြီး အောင်ရင် ကျောင်းထွက်လက်မှတ် ထုတ်ပေးပြီး တခြားကျောင်းကို

ပြောင်းခိုင်းပါတယ်။ သူငယ်တန်း-တစ်တန်းမှာ ယောက်ျားလေးကျောင်းသားက လေးပုံတစ်ပုံတောင် မရှိဘူးထင်ပါတယ်။ ယောက်ျားလေးနဲ့ မိန်းကလေး အပြောအဆို အဆက်အဆံလည်း အရမ်းကို နည်းပါတယ်။ ကျနော်တို့ဘာသာ ကျနော်တို့နေ၊ ကျနော်တို့ဘာသာ ကျနော်တို့ ကစားကြတာပါ။ ဆရာ တစ်ယောက်မှ မရှိပါဘူး။ အားလုံးဆရာမတွေချည်း ဖြစ်ပါတယ်။ သူငယ်တန်းတွေကို သင်တာမှာ မိုလ်မတွေ၊ ကပြားတွေချည်းလို့ ဆိုနိုင်ပါတယ်။ ဘယ်သူမှ ဗမာစကား မပြောပါဘူး။ တချို့က ကျောင်းအပြင်မှာတော့ ပြောကြတယ်နဲ့တူပါတယ်။ ဒါပေမယ့် ကျောင်းထဲမှာ ဘယ်သူမှ မပြောပါဘူး။ ကျနော်တို့ကလည်း ဆရာမတွေကို အင်္ဂလိပ်စကားနဲ့ပဲ ပြောရပါတယ်။ ဒါပေမယ့် ကိုယ်က အိမ်သာသွားချင်တယ်ဆိုတာလောက်ကလွဲပြီး ဘာမှ ပြောဖို့လိုတာ မဟုတ်တော့ များများတတ်ဖို့လည်း မလိုပါဘူး။

အဲဒီ တုန်းက ကျနော်တို့အချင်းချင်း ငြင်းလို့မပြီး၊ အဖြေမထွက်နိုင်တဲ့ ပြဿနာတစ်ခုကို အခုထိ မှတ်မိနေပါတယ်။ အဲဒီ ခရစ်ယာန်မယ်သီရှင်ကြီးတွေရဲ့ ခေါင်းဟာ ကတုံးလား၊ ဆံပင်ထားသလားဆိုတာပါပဲ။ နောက်ဆုံး အဲဒီ ကျောင်းကသာ ပြောင်းလာရော အဖြေ မရခဲ့ကြပါဘူး။

ပြောင်းလာတယ်ဆိုတာက စိန်ပီတာကျောင်းကိုပါ။ စိန်ပီတာကျောင်းကို ဒုတိယကမ္ဘာစစ် တုန်းကနဲ့ စစ်အပြီးမှာ ဆေးရုံအဖြစ် အသုံးပြုခဲ့ပါတယ်။ ကျနော်ကျောင်းနေတော့ စစ်ဒဏ်ခံထားတာ သိပ်မတွေ့ရပါဘူး။ မန်ကျည်းပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေနဲ့ ဘောလုံးကွင်း ကြီးကလည်း စိမ်းလို့ အင်မတန်သာယာတဲ့ ကျောင်းဝိုင်းကြီးတစ်ခု ဖြစ်ပါတယ်။ အဲဒီ အချိန်တုန်းက မန္တလေးမှာ တက္ကသိုလ်(ကောလိပ်)ကလွဲရင် အကျယ်ဆုံး ကျောင်းဝိုင်းရှိတဲ့ ကျောင်းလို့ ပြောရင် ရမယ်ထင်ပါတယ်။

မန္တလေးမှာ ထူးခြားတာက ခရစ်ယာန်သာသနာပြုကျောင်းဝိုင်းကြီးတွေက အစိုးရ ကျောင်းဝိုင်းတွေထက်

ကြီးတာပါပဲ။ အဆောက်အဦတွေလည်း ပိုကောင်းပါတယ်။ စိန်ပီတာ ကျောင်းက စာသင်ခန်းတွေ၊ အထူးသဖြင့် စာသင်ခန်းဟောင်းကြီးတွေဟာ ကျယ်လည်း ကျယ်၊ မြင့်လည်း မြင့်၊ ဘောလုံးကွင်းကြီးကို ဖြတ်တိုက်လာတဲ့ လေကတဟူးဟူးနဲ့မို့ အင်မတန်ပူတဲ့ မန္တလေးနွေမှာ ပန်ကာမလို၊ အဲယားကွန်းမလို သက်သောင့်သက်သာ ရှိလှပါတယ်။ ကျနော် မှတ်မိသလောက်ဆိုရင် အဲဒီ တုန်းက ကျနော်နေခဲ့တဲ့ကျောင်းနှစ်ကျောင်းအပြင် ဖားသားလဖုံး၊ စိန့်ဂျိုးဇက်(ခါးပတ်ဖြူ)၊ အေဘီအမ်၊ စိန့်ဇေးဗီးယား၊ ဝက်စလီနဲ့ သံတဲကျောင်းတို့ ရှိပါသေးတယ်။ အဲဒီ အထဲမှာ သီပေါမင်းနေခဲ့တဲ့ သံတဲကျောင်းခေါ် ဒိုင်အိုဆီဇင်ကျောင်းဟာ သက်တမ်းအရှည်ဆုံး ဖြစ်မယ်ထင်ပါတယ်။ အစိုးရကျောင်းတွေထဲက အမှတ် ၁ ကျောင်းကတော့ ဒုတိယကမ္ဘာစစ်ရဲ့ ဗုံးဒဏ်က လွတ်ခဲ့လို့ ကျောင်းအဆောက်အဦကြီးတွေ အကောင်းပကတိ ကျန်ခဲ့ပါတယ်။ အမှတ် ၂ လို့ နောက်မှာ ခေါ်ကြတဲ့ အမျိုးသားကျောင်းကတော့ ဘူတာရုံနဲ့ နီးလို့လားမသိဘူး တစ်ကျောင်းလုံး ပြောင်းသွားပြီး ကျနော်တို့ကျောင်းနေပြီးနောက်မှ အဆောင်ကြီးတွေ ပြန်ဆောက်ရပါတယ်။ ကာလတစ်ခု ကပ်တဲတွေနဲ့ သင်ခဲ့ရပါသေးတယ်။ အမှတ် ၃ ကျောင်း ဆိုရင်လည်း ၈၂ နဲ့ ၈၃ လမ်းကြားက မူဆလင်ဗလီပိုင် အဆောက်အဦးများမှာ ကျောင်းကို ကပ်ဖွင့်ခဲ့ရတာ ပါ။ ၆၀ စုနှစ်များထဲမှ အခုနေရာကို ပြောင်းခဲ့ရတယ်လို့ မှတ်မိနေပါတယ်။

ကျနော်က စိန်ပီတာကျောင်းမှာ ပထမတန်းက စ’ နေခဲ့ပါတယ်။ ဒါပေမယ့် နှစ်နှစ်သား- သုံးနှစ်သားအရွယ်မှာ ကျနော့်အမေ ဆေးရုံတက်လို့ အဲဒီ ကျောင်းကို တစ်ခေါက်နှစ်ခေါက် ရောက်ဖူးပါတယ်။ ကျနော့်အမေ ဘယ်အဆောင်၊ ဘယ်အခန်းမှာနေခဲ့တယ်ဆိုတာတောင် မမှတ်မိတော့ပါဘူး။ ကျနော် နှစ်တန်းတက်တော့ အတန်းဟာ ကျောင်းပိုင်းရဲ့ အရှေ့ဘက်ဆုံး နှစ်ထပ်ဆောင်ရဲ့ အပေါ်ထပ်၊ အရှေ့ဘက်ဆုံးအခန်းဖြစ်ပါတယ်။ လမ်းနဲ့ ကပ်နေတာပါ။ အောက်ထပ်ကတော့ ဘော်ဒါကျောင်းသားတွေရဲ့ ထမင်းစားခန်းပါ။ အဲဒီ

အဆောင်ကြီးရဲ့ မြောက်ဘက်က မန်ကျည်းပင်ကြီးတွေအောက်မှာတော့ လူတစ်ရပ်ကျော်လောက် မြင့်တဲ့ မြေပုံကြီးတွေ ရှိပါတယ်။ အဝါရောင်မြေစေးတွေဖြစ်ပြီး ခြောက်နေမာနေပါပြီ။ ကျနော်တို့က အဲဒီ မြေပုံကြီးတွေပေါ်မှာ တက်လိုက် ဆင်းလိုက် ကစားကြပါတယ်။ အဲဒီ လို ကစားကြရင် အနီးနားမှာ အရိုးတွေ၊ သံခမောက်အစုတ်တွေ ပြန့်ကျဲနေတာကို သတိထားမိပါတယ်။ စစ်အတွင်း ဆေးရုံဟောင်းရဲ့လက္ခဏာလို့ပဲ အောက်မေ့ရမလား မသိပါ။

ပြောရရင် စိန်ပီတာဟာ အဲဒီ တုန်းက မန္တလေးက အမျိုးသားကျောင်းတွေထဲမှာ အကောင်းဆုံးလို့ ကိုယ်ကိုကိုယ် သဘောထားတာပါ။ ဆရာတွေကလည်း တပည့်တွေကို ဒါကိုပဲ တဖွဖွပြောနေတာဖြစ်ပါတယ်။ တခြားကိစ္စတွေမှာ ငြင်းချင်ငြင်းနိုင်မယ်။ စိန်ပီတာနဲ့ကွန်ဗင့်(ခါးပတ်အနီ) တို့ဟာ အဲဒီ တုန်းက ကျောင်းလခအများဆုံးပေးရဲ့ ကျောင်းတွေဖြစ်တာတော့ အမှန်ပါပဲ။ ကျနော်တို့ ရှိတုန်းက မူလတန်းမှာ တစ်လ ဆယ်ကျယ်၊ အလယ်တန်းမှာ ဆယ့်နှစ်ကျပ်နဲ့ အထက်တန်းမှာ ဆယ့်ငါးကျပ်လို့ ထင်ပါတယ်။ (ကျနော့်မှန်းဖိုးက တစ်နေ့မှ တမူးပါ။ နောင်တော့ ဆယ်ပြားပေါ့။ အထက်တန်းရောက်မှ တစ်မတ် (နှစ်ဆယ့်ငါးပြား) ဖြစ်လာပါတယ်။)

ကျနော်တို့ကျောင်းမှာ ကျောင်းသားတွေမှာ အစိမ်းရောင်ကုတ်အကျႌနဲ့ ကာကီ ဘောင်းဘီရှည် ယူနီဖောင်း၊ ရင်ဘတ်မှာကျောင်းတံဆိပ်၊ နှုတ်ဖျားမှာ ကျောင်းသီချင်း စသဖြင့် အဲဒီ တုန်းက အတိုင်းအတာနဲ့ဆိုရင် အတော့်ကို ထယ်ဝါတဲ့ကျောင်း ဖြစ်ပါတယ်။ ကျောင်းသီချင်း က အခုလိုပါ။

ပြည်ခွင်မှာ စည်ပင်သာ

နာမည်ကြီးတဲ့ ကျောင်းကြီးဟာ

အများသိတဲ့ စိန်ပီတာ

စိန်ပီတာ-စိန်ပီတာ တို့ကျောင်းစိန်ပီတာ။

ကျောင်းပေါင်းစုံပြိုင်ပွဲတွေ ဘာတွေမှာ ပထမဆု ဒိုင်းတို့ ဖလားတို့ရတယ်ဆိုရင် မနက် ကျောင်းမတက်ခင် ကျောင်းအုပ်ကြီးရုံးခန်းရှေ့မှာ စုကြရတော့ ကျောင်းအုပ်ဘရာသာက အဲဒီ ဆုကို ထုတ်ပြပြီး ဆရာဝီလျံက ဒိုင်းဆုရစိန်ပီတာကျောင်း ဘောလုံးသင်းကို ဂုဏ်ပြုတဲ့သံချပ် ဒီလို သုံးခါတိုင်ကြ၊ ထိုးကြပါတယ်။

'Therre cheers for St.Peter's Football Team. Hip-hip-Hurrah! Hip-hip-Hooray!

တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူးတွေနဲ့ အောင်တဲ့ ကျောင်းသားတွေကိုလည်း ဒီလိုပဲ ကျောင်းသားအားလုံးရှေ့မှာ စီတန်းရပ်စေပြီး မိတ်ဆက်ပေးတာ၊ ဂုဏ်ပြုတာတွေလုပ်ပါတယ်။ စိန်ပီတာရဲ့သမိုင်းမှာ အောက်ချက်အနေနဲ့ အထွန်းပြောင်ဆုံးနှစ်ကတော့ စစ်ကိုင်းလျှောင်ကြီး လှုပ်တဲ့ ၁၉၅၇ ခုနှစ်မှာ ဖြစ်ပါတယ်။ ဗမာပြည်တစ်ပြည်လုံးရဲ့ ပထမ၊ ဒုတိယ၊ တတိယတို့အပြင် ထိပ်ဆုံး၊ ၂၅ ယောက်ထဲမှာကိုပဲ အများကြီးပါဝင်တယ်လို့ မှတ်မိနေပါတယ်။ အဲဒီ အထဲမှာ အခု နအဖ ကျန်းမာရေးဝန်ကြီးဦးကျော်မြင့်နဲ့ စာရေးဆရာမောင်မိုးသူတို့လည်း ပါပါတယ်။

စိန်ပီတာကျောင်းရဲ့ အနောက်ဘက်ဝင်းထရံတစ်လျှောက်မှာ ဧရာမကုက္ကိုပင်ကြီးတွေ ရှိပါတယ်။ အဲဒီ အပင်ကြီးတွေရဲ့အောက်မှာ အုတ်ခုံတွေရှိပြီး နေ့လယ်မှာ အိမ်မပြန်တဲ့ ကျောင်းသားတွေဟာ ဒီအုတ်ခုံတွေပေါ်မှာ အိမ်ကပါလာတဲ့ ထမင်းချိုင့်တွေကို ဖွင့်ပြီး ထမင်းစား ကြတယ်။ ကျောင်းမှာ တစ်နှစ်တစ်ခါလုပ်တဲ့ ပြေးခုန်ပစ်ပွဲကို ရောက်ရင် ကျောင်းက တမင်ဖိတ်ထားတဲ့ ဧည့်သည်တွေကို ဒီအုတ်ခုံတွေပေါ်မှာ ကုလားထိုင်တွေခင်းပြီး ထိုင်စေလေ့ ရှိပါတယ်။ အဖိတ်ခံရသူတွေအထဲမှာ ခါးပတ်နီကွန်ဗင့်ကျောင်းက ဘော်ဒါကျောင်းသူတွေလည်း ပါပါတယ်။ သူတို့ဟာ သီလရှင်စစ္စတာကြီးတွေရဲ့

ကြပ်မတ်မှုအောက်မှာ စည်းကမ်း၊ အိန္ဒြေရှိစွာနဲ့ လာရောက်ကြည့်ရှုကြပါတယ်။ မိန်းကလေး လုံးဝမရှိတဲ့ စိန်ပီတာကျောင်းက ကျောင်းသားတွေ အဖို့တော့ ဒါဟာ ရှုချင်စဖွယ် မြင်ကွင်းတစ်ခုဖြစ်ပါတယ်။

ဆောင်းအကုန် နွေအကူးကာလမှာတော့ ဒီကုက္ကိုပင်ကြီးတွေရဲ့ သစ်ရွက်ခြောက်တွေ မိုးဖွဲများလို ခပ်စွေစွေ ခပ်စောင်းစောင်း တဖွားဖွားကျနေတာကို ကျောင်းသားတိုင်းလိုလိုပဲ စာသင်ရင်း (စာထဲ စိတ်မဝင်စားတဲ့အခါ) ငေးမောနေမိကြပါတယ်။ အဲဒီ ရှေ့က ဘောလုံးကွင်းရဲ့ မြက်ခင်းပြင်ကြီးကလည်း စိမ်းလို့လေ။ စိတ်လေချင်စရာ မြင်ကွင်းပေါ့။ စိန်ပီတာကျောင်းမှာက အောင်စာရင်းတွေကို နှစ်စဉ်၊ ဧပြီလ ၁၀ ရက်နေ့မှာ ထုတ်လေ့ရှိပါတယ်။ နွေရာသီကျောင်း ပိတ်ရက်၊ သင်္ကြန်မတိုင်မီလေးမှာပါ။ အဲဒီ လိုအချိန် ကျောင်းကြီးထဲကို ပြန်ရောက်သွားရင် လူခမ်းခြောက်နေတဲ့ ကျောင်းဝိုင်းကြီးကိုကြည့်ပြီး လွမ်းသလိုလို ဆွေးသလိုလိုဖြစ်ရတာ ပါပဲ။ ကျနော်တို့ဟာ ကျောင်းဝိုင်းကြီးထဲမှာ ဟိုလျှောက် ဒီလျှောက်သွားကြပြီး စောစောကပြောခဲ့တဲ့ ကုက္ကိုပင်ကြီးတွေအောက်က ကြွေကျနေတဲ့ ကုက္ကိုသီးတွေကို ကောက်ကြပါတယ်။ ပြီးရင် အိမ်ကို ပြန်ယူလာပြီး ငရုတ်ဆုံထဲမှာထောင်း၊ တူသဏ္ဍာန်လုပ်ပြီး တုတ်တစ်ချောင်းမှာ တပ်ကစား ကြပါတယ်။ အဲဒီ လို ညက်အောင်ထုထားတဲ့ ကုက္ကိုသီးအစိုင်အခဲဟာ အင်မတန်မာပါတယ်။ သစ်သားထက်လည်း အလေးချိန်စီးပါတယ်။

ငါးနှစ်ခြောက်နှစ်အရွယ်ကနေ ဆယ့်ငါးနှစ်- ဆယ့်ခြောက်နှစ်အရွယ်အထိ (ကျနော်တို့ ခေတ်တုန်းက ကိုးတန်းဟာ တက္ကသိုလ်ဝင်တန်းဖြစ်ပါတယ်) ပူပင်သောကမရှိ ပျော်ပျော်ပါးပါး ကြီးနေခဲ့တဲ့ ကျောင်းကြီးကို ခွဲခွာရပြီဆိုတော့လည်း တက္ကသိုလ်ဆိုတာရဲ့ ဆွဲဆောင်မှုက ရှိနေတဲ့ အတွက် ဝမ်းနည်းတယ်လို့ မခံစားခဲ့မိတာကို ဝန်ခံရမှာပါ။ အခုတော့မှ လွမ်းဆွတ်သလိုခံစားရပြီး ကြုံတိုင်းမေးနေမိပါတယ်။ ဒီလိုနဲ့ကြားရတာ က

ဘောလုံးကွင်းက မြက်ခင်းကြီးလည်း ပျက်စီးသွားပြီ၊ ကျောင်းကြီးကလည်း သာသနာပြုတွေပိုင်တဲ့ အပိုင်း၊ ပညာရေးရုံးအပိုင်းနဲ့ ကျောင်းအပိုင်းဆိုပြီး အပိုင်းပိုင်း၊ အကန့်ကန့် ဖြစ်သွားပြီ စတဲ့ စိတ်မကောင်းစရာသတင်းတွေကိုပဲ ကြားရပါတယ်။ တချိန်က ရှိခဲ့ဘူးတဲ့ ဂုဏ်တွေ သိန်တွေဆိုတာကတော့ မဆလခေတ်မှာ ပြည်သူပိုင်သိမ်းခံလိုက်ရကတည်းက ဆုံးပါးသွားတယ်လို့ ဆိုရမှာပါ။ နအဖခေတ်မှာကျတော့ သမိုင်းလေးကိုပါ ဖျောက်ဖျက်ပစ်ကြမယ့် သဘောရှိနေပါတယ်။

တကယ်က ‘စိန်ပီတာလည်း သူ့အချင်းနှင့် သူ့အဆင်းနှင့်’ ပါ။



ပြည်ခွင်မှာ စည်ပင်သာ၊ နာမည်ကြီးတဲ့ ကျောင်းကြီးဟာ အများသိတဲ့ စိန့်ပီတာ
စိန့်ပီတာ စိန့်ပီတာ တို့ကျာင်းစိန့်ပီတာ
မန္တလေးမြို့မှာ ကျော်ကြားတာ တို့ကျောင်းစိန့်ပီတာ

*